ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားညီညွတ်ရေးအစိုးရ
အပတ်စဉ်သတင်းထုတ်ပြန်ချက် (၃၅/၂၀၂၂)

ပြည်သူ့ကာကွယ်ရေးတပ်မတော် သစ္စာအဓိဋ္ဌာန် (၄) ချက်

၁။ ငါတို့သည် ပြည်ထောင်စုနှင့် ပြည်ထောင်စုသားများအပေါ် သစ္စာစောင့်သိပါမည်။

၂။ ငါတို့သည် ဖက်ဒရယ်ဒီမိုကရေစီတိုက်ပွဲအတွင်း ကျဆုံးခဲ့ရသော သူရဲကောင်းများကို သစ္စာစောင့်သိပါမည်။

၃။ ငါတို့သည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ပါမည်။

၄။ ငါတို့သည် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး အတွက်ငါတို့၏ အသက်ကိုစွန့်လွှတ်ရန် အဓိဋ္ဌာန်ပြုပါသည်။

အမှတ်စဉ် (၃၅/၂၀၂၂) http://www.nugmyanmar.org ၂၀၂၂ခုနှစ်၊ ဒီဇင်ဘာလ (၂၆) ရက်။

အမျိုးသားညီညွတ်ရေးအစိုးရအဖွဲ့သတင်း

၁။အကြမ်းဖက်စစ်ကောင်စီ၏ ရွေးကောက်ပွဲကို ပြည်သူတရပ်လုံးက ပြတ်ပြတ်သားသား ဆန့်ကျင်ကြရန် ယာယီသမ္မတိုက်တွန်း

အကြမ်းဖက် စစ်အုပ်စု၏ “ရွေးကောက်ပွဲ” သည် ၎င်းတို့ အာဏာသက်ဆိုးရှည်ရေးနှင့် ၎င်းတို့ ရင်ဆိုင်နေရသော စစ်ရေး၊ နိုင်ငံရေး၊ အထွေထွေ အကြပ်အတည်းများကို လျှော့ချနိုင်ရေးအတွက် ရည်ရွယ်လုပ်ကြံ သည့် နိုင်ငံရေးလှည့်ကွက်၊ နိုင်ငံရေး ထောင်ချောက်သာဖြစ်ပြီး ၎င်း “တရားမဝင်၊ အတုအယောင် ရွေးကောက်ပွဲ” ကို ကျွန်ုပ်တို့ ပြည်သူတရပ်လုံးက ပြတ်ပြတ်သားသား ဆန့်ကျင်ဖို့ လိုကြောင်း အမျိုးသားညီညွတ်ရေး အစိုးရ ယာယီသမ္မတဒူဝါလရှီးလ က ဒီဇင်ဘာ ၂၀ ရက် အမျိုးသား ညီညွတ်ရေး အစိုးရ၏(၇၉) ကြိမ်မြောက် အစိုးရအဖွဲ့ အစည်းအဝေးတွင် တိုက်တွန်း ပြောကြားသည်။

စာမျက်နှာ (၂) သို့

စာမျက်နှာ (၁) မှ

အကြမ်းဖက် စစ်ကောင်စီက ၂၀၂၃ ခုနှစ်မှာ အတုအယောင် ရွေးကောက်ပွဲကို မဖြစ်ဖြစ်သည့် နည်းဖြင့်ကျင်းပကာ နိုင်ငံတကာ၏တရားဝင်မှုရအောင် နိုင်ငံရေး ထွက်ပေါက်ရှာမည် ဖြစ်ကြောင်း၊ ၂၀၂၃ ခုနှစ်ဟာ စစ်ရေး/ နိုင်ငံရေး အချိုးအကွေ့တွေ ဖြစ်လာနိုင်မယ့် နှစ်လို့ ယူဆရကြောင်း ယာယီသမ္မတက ဆက်လက် ပြောကြားသည်။
https://bit.ly/3PRxbUV

၂။ နွေဦးတော်လှန်ရေးအား လူငယ်မျိုးဆက်သစ်များ၏ သတ္တိအားဖြင့် မောင်းနှင်နေပြီး တော်လှန်ရေးအလွန်ကာလတွင် လူငယ်များ၏ ပညာအားဖြင့် မောင်းနှင်ကြရမည် ဖြစ်ကြောင်း ယာယီသမ္မတပြောကြား

လက်ရှိမြန်မာ့နွေဦး တော်လှန်ရေးတွင် ပညာရေးပြုပြင်ပြောင်းလဲမှုကို တစ်ပါတည်း လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ NUG အစိုးရအနေဖြင့်လည်း ဖက်ဒရယ်ဒီမိုကရေစီစနစ်ကို အခြေခံပြီးရေးဆွဲထားသော ပညာရေးမူဝါဒများကို ပြဋ္ဌာန်းထားကြောင်း၊ အာဏာရှင်စနစ်ဆိုးကို ပြန်လည်အသက်သွင်းမည့်မူ၊ အကျင့်ဟောင်းများ ဖယ်ရှားရေးကို NUG အစိုးရရဲ့ ပညာရေးဦးတည်ချက်အဖြစ် အလေးထားကြောင်း၊ ယခုနွေဦးတော်လှန်ရေးအား လူငယ်မျိုးဆက်သစ်များ၏ သတ္တိအားဖြင့် မောင်းနှင်နေပြီး တော်လှန်ရေးအလွန်ကာလတွင် လူငယ်များ၏ ပညာအားဖြင့် မောင်းနှင်ကြရမည်ဖြစ်ကြောင်း အမျိုးသားညီညွတ်ရေးအစိုးရ ယာယီသမ္မတ ဒူဝါလရှီးလက ဒီဇင်ဘာ ၂၃ ရက် မိုးကုတ် ဖက်ဒရယ်ကျောင်း ပညာရေးစုံညီပွဲတော် အခမ်းအနား၌ တိုက်တွန်းပြောကြားခဲ့သည်။ https://bit.ly/3GiIWAQ

၃။ ရန်ကုန်-ဒလ ကူးတို့သင်္ဘော ဗုံးပေါက်ကွဲသည့် အကြမ်းဖက်လုပ်ရပ်မှာ NUG နှင့် လုံးဝမသက်ဆိုင်ဘဲ အမှန်တကယ် ကျူးလွန်သူများကို ဖော်ထုတ်အရေးယူမည်ဟု NUG ထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားညီညွတ်ရေးအစိုးရ
https://nugmyanmar.org
ကြေညာချက်အမှတ်(၂၆/၂၀၂၂)
၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်

"ရန်ကုန်-ဒလ ကူးတို့သင်္ဘော ဗုံးပေါက်ကွဲမှုနှင့်ပတ်သက်သည့် ထုတ်ပြန်ကြေညာချက်"

၁။ ဒီဇင်ဘာလ ၁၈ ရက်နေ့က ရန်ကုန်-ဒလ ကူးတို့သင်္ဘောပေါ် ဗုံးပေါက်ကွဲမှုတွင် ထိခိုက်ဒဏ်ရာရခဲ့သည့် အရပ်သား ပြည်သူလူထုအတွက် အမျိုးသားညီညွတ်ရေးအစိုးရ အနေဖြင့် အထူး ဝမ်းနည်းကြေကွဲ စိတ်ထိခိုက်ရပါသည်။ ထိခိုက်ဒဏ်ရာရသူများအားလုံး အမြန်ဆုံး သက်သာရာရပါစေကြောင်း အမျိုးသားညီညွတ်ရေးအစိုးရက ဆုမွန်ကောင်းတောင်းနေသလို ဘေးဒဏ်သင့်ရသူများ၏ မိသားစုများနှင့် ထပ်တူရှိနေပါကြောင်းလည်း ဖော်ပြလိုပါသည်။

၂။ အမျိုးသားညီညွတ်ရေးအစိုးရအနေဖြင့် ဤအကြမ်းဖက်လုပ်ရပ်ကို အပြင်းထန်ဆုံး စကားလုံးများဖြင့် ပြစ်တင်ရှုတ်ချသည်နှင့် တချိန်တည်းမှာပင် အမှန်တကယ် ကျူးလွန်သူများကို ဖော်ထုတ် အရေးယူနိုင်ရေး ပြည်သူလူထုနှင့် လက်တွဲ လုပ်ဆောင်သွားမည်ဖြစ်သည်။

၃။ အမျိုးသားညီညွတ်ရေးအစိုးရ ကာကွယ်ရေးဝန်ကြီးဌာနအနေဖြင့် ပြည်သူ့ကာကွယ်ရေး တပ်မတော်သားများ လိုက်နာရမည့် စစ်သည်တော်ကျင့်ဝတ်များ ချမှတ်ထားပြီးဖြစ်သလို စစ်ရေးဆိုင်ရာ ပစ်မှတ်သတ်မှတ်ချက်တွင်လဲ အရပ်သားပြည်သူများအား ခြိမ်းခြောက်ခြင်း၊ ပစ်မှတ်ထား တိုက်ခိုက်ခြင်း မပြုရဟု တရားဝင် ပြဌာန်းထားပြီးဖြစ်ရာ အရပ်သားလူထု ဘေးအန္တရာယ် ထိခိုက် စေနိုင်သည့် အခြေအနေရှိပါက အကြမ်းဖက်စစ်ကောင်စီကိုတိုက်ခိုက်ရေး စီစဉ်ထားသည့် လုပ်ငန်းများ ကိုပင်

1


ပယ်ဖျက်ခဲ့ဖူးသည့်သာဓက အမြောက်အများရှိပြီးဖြစ်သည်။ သို့ပါ၍ ဤအကြမ်းဖက် လုပ်ရပ်သည် မိမိတို့နှင့် လုံးဝ (လုံးဝ) သက်ဆိုင်ခြင်းမရှိကြောင်း ယတိပြတ်ငြင်းဆိုသည်။

၄။ စစ်အာဏာရှင်တို့သည် ယင်းတို့အာဏာ တည်မြဲရေးအတွက် ပြည်သူလူထု၏စိတ်သဏ္ဍာန်တွင် အကြောက်တရားနှင့် စိုးရိမ်ထိတ်လန့်မှုများ အဆက်မပြတ် ဖြစ်ပေါ်နေစေရေး နည်းလမ်းပေါင်းစုံဖြင့် လုပ်ကိုင်ဆောင်ရွက်ခဲ့သည့် အတိတ်ဖြစ်ရပ်များစွာ သာဓကအနေဖြင့် ရှိခဲ့ပြီးဖြစ်သကဲ့သို့ ဆက်လက် လုပ်ဆောင်ရန်လဲ ဝန်မလေးကြောင်း လက်ရှိအကြမ်းဖက်စစ်အုပ်စုက သက်သေပြပြီး ဖြစ်သည်။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ယခုကဲ့သို့ ဝမ်းနည်းဖွယ်ဖြစ်ရပ်မျိုးကို ရှောင်ရှားနိုင်ရေး မပြတ်သောသတိဖြင့် နေထိုင်လုပ်ကိုင်ကြပါရန် အထူးမေတ္တာရပ်ခံ တိုက်တွန်းလိုသည်။

အမျိုးသားညီညွတ်ရေးအစိုးရ

2

အမျိုးသားညီညွတ်ရေးအစိုးရ ကာကွယ်ရေးဝန်ကြီးဌာနအနေဖြင့် ပြည်သူ့ကာကွယ်ရေး တပ်မတော်သားများ လိုက်နာရမည့် စစ်သည်တော်ကျင့်ဝတ်များ ချမှတ်ထားပြီးဖြစ်သလို စစ်ရေးဆိုင်ရာ ပစ်မှတ်သတ်မှတ်ချက်တွင် အရပ်သားပြည်သူများအား ခြိမ်းခြောက်ခြင်း၊ ပစ်မှတ်ထား တိုက်ခိုက်ခြင်းမပြုရဟု တရားဝင် ပြဌာန်းထားပြီးဖြစ်ကြောင်း၊ အရပ်သား ဘေးအန္တရာယ်ထိခိုက်စေနိုင်သည့် အခြေအနေရှိပါက အကြမ်းဖက်စစ်ကောင်စီကို တိုက်ခိုက်ရန်စီစဉ်ထားသည့် လုပ်ငန်းများကိုပင် ပယ်ဖျက်ခဲ့ဖူးသည့်သာဓက အမြောက်အများရှိကြောင်းနှင့် အဆိုပါအကြမ်းဖက် လုပ်ရပ်သည် NUG နှင့်သက်ဆိုင်ခြင်းမရှိကြောင်း၊ အမှန်တကယ် ကျူးလွန်သူများကို ဖော်ထုတ်အရေးယူမည်ဖြစ်ကြောင်းကို အမျိုးသားညီညွတ်ရေးအစိုးရက ဒီဇင်ဘာ ၂၀ ရက်တွင် ထုတ်ပြန်ခဲ့သည်။ https://bit.ly/3G1194C

၄။ ဘားမားအက်ဥပဒေကို အမေရိကန်သမ္မတမှ အသိအမှတ်ပြု လက်မှတ်ရေးထိုးမည်ဟုမျှော်လင့်ကြောင်း NUG ထုတ်ပြန်

ဘားမားအက်ဥပဒေသည် အခက်အခဲများကြားတွင် ရုန်းကန်နေရသည့် ပြည်သူပြည်သားများလိုလားသည့် အကူအညီများကို ပေးနိုင်မည်ကြောင်း၊ ယင်းဘားမားအက်ဥပဒေ အတည်ပြုရေးစွမ်းဆောင်နိုင်မှုသည် မြန်မာ့ဒီမိုကရေစီရရှိရေးလှုပ်ရှားမှုကို ပိုမိုအင်အားကောင်းလာစေကြောင်း၊ အမေရိကန်နိုင်ငံ သမ္မတကြီးဘိုင်ဒင်မှလည်း ထိုအက်ဥပဒေကို တရားဝင်စေရန်အတွက် အသိအမှတ်ပြု လက်မှတ်ရေးထိုးမည်ဟု မျှော်လင့်ကြောင်းနှင့် ဘားမား အက်ဥပဒေအတည်ပြုနိုင်ရေး ပါဝင်ကူညီကြသူအားလုံးကို လှိုက်လှဲစွာ ကျေးဇူးတင်ကြောင်း အမျိုးသားညီညွတ်ရေးအစိုးရက ဒီဇင်ဘာ ၁၆ ရက်တွင် ထုတ်ပြန်ခဲ့သည်။
https://bit.ly/3WJvDPe

စာမျက်နှာ (၄) သို့

စာမျက်နှာ (၃) မှ

Republic of the Union of Myanmar
National Unity Government
President Office
presidentoffice@nugmyanmar.org

Announcement No. (20/2022)
December 16, 2022

အမေရိကန်ကွန်ဂရက်မှအတည်ပြုသည့် ဘားမားအက် (ဗမာနိုင်ငံအရေးအက်ဥပဒေ) အပေါ် အမျိုးသားညီညွတ်ရေးအစိုးရ၊ နိုင်ငံတော်ယာယီသမ္မတ ဒူဝါလရှီးလမှ ထုတ်ပြန်ကြေညာချက်

၂၀၂၃ ဘဏ္ဍာရေးနှစ်အတွက် ဂျိမ်းစ်အမ်အင်ဟုတ်(ဖ်) အမျိုးသားကာကွယ်ရေး အခွင့်အာဏာဥပဒေ၏ အစိတ်အပိုင်းတခုဖြစ်သည့် ဘားမားအက် (ဗမာနိုင်ငံအရေးအက်ဥပဒေ)ကို အတည်ပြုနိုင်ခဲ့သည့် အမေရိကန်ကွန်ဂရက်အား အမျိုးသားညီညွတ်ရေးအစိုးရနှင့် မြန်မာပြည်၏ ဒီမိုကရေစီရေးအတွက် တိုက်ပွဲဝင်နေကြသော အင်အားစုအားလုံးတို့မှ ကျေးဇူးဥပကာရတင်ရှိပါသည်။

အမေရိကန်နိုင်ငံ သမ္မတကြီးဘိုင်ဒင်မှလည်း ထိုအက်ဥပဒေကို တရားဝင်စေရန်အတွက် အသိအမှတ်ပြု လက်မှတ်ရေးထိုးမည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။

မြန်မာနိုင်ငံ၏ ဒီမိုကရေစီအရေး၊ လူ့အခွင့်အရေးနှင့် တရားမျှတမှုရှိရေးတို့အတွက် တိုက်ပွဲဝင်နေကြသော မြန်မာနိုင်ငံသားများ၊ အမျိုးသားညီညွတ်ရေးအစိုးရ NUCC၊ CRPH၊ CDMတို့နှင့် အတူတကွ ကျွန်တော်တို့၏ မိတ်ဖက်အဖွဲ့အစည်းများ အားလုံးကို ကူညီအားဖြည့်နိုင်မည့် ပေါ်လစီများ ချမှတ်နိုင်ရန်အတွက်၊ ဤအရေးကြီးတဲ့ ဥပဒေတရပ်က ရှင်းလင်းစွာချမှတ်ပေးထားသည်။

၎င်းဥပဒေထဲတွင် မြန်မာစစ်တပ်၊ ၎င်းတို့အားမှီတည်လုပ်ဆောင်နေသော စီးပွါးရေးလုပ်ငန်းရှင်များ၊ စွမ်းအင်ကဏ္ဍနှင့် ၎င်းနှင့်သက်ဆိုင်သော စီးပွါးရေးလုပ်ငန်းများကို စီးပွားရေးအရ ပိတ်ဆို့အရေးယူရန် အခွင့်အာဏာများကို တိုးမြှင့်ပြဋ္ဌာန်းထားသည်။

ပိုမိုထိရောက်များပြားသော လူသားချင်းစာနာမှုအကူအညီများအား မြန်မာပြည်သူများအားကူညီရန် နည်းပညာပိုင်းဆိုင်ရာအကူအညီများနှင့်၊ လက်နက်မဟုတ်သော အကူအညီများကို တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၊ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များအား ထောက်ပံ့ရန်နှင့် ပြည်သူ့ဘက်ကူးပြောင်းလာသည့် စစ်သားများကိုကူညီသည့် အစီအစဉ်များကို ပံ့ပိုးနိုင်ရန်လည်း ဤ ဥပဒေက ခွင့်ပြုထားသည်။

ဤဥပဒေထဲတွင် အသွင်ကူးပြောင်းရေးကာလ တရားမျှတရေးယန္တယားကို တည်ဆောက်ရန်နှင့် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပံ့ပိုးကူညီရန်အတွက်လည်း ခွင့်ပြုထားသည်။

ဥပဒေပြုရေးအဖွဲ့သည် စစ်တပ်ကိုပိုမိုတင်းကြပ်သည့် ဖိအားများပေးနိုင်ရေးအတွက် ကုလသမဂ္ဂအပါအဝင် နေရာအသီးသီး၊ အဆင့်လိုက်လုပ်ဆောင်ချက်များကို တိုးမြှင့်ဆောင်ရွက်မည်ဖြစ်သည်။

ဘားမားအက်ဥပဒေသည် အခက်အခဲများကြားတွင် ရုန်းကန်နေရသည့် ကျွန်ုပ်တို့ပြည်သူပြည်သားများ လိုလားသည့် မျှော်လင့်ချက်များ၊ အကူအညီများကို ပေးနိုင်မည် ဖြစ်သည်။ ကျွန်ုပ်တို့အနေဖြင့် ပြည်တွင်းရှိ ပြည်သူပြည်သားများ၊ ပြည်ပရောက်မြန်မာနိုင်ငံဖွားများနှင့် ယခုလိုအောင်မြင်မှုရရှိစေရန် အမေရိကန်နိုင်ငံတဝန်းတွင် နေထိုင်ကြသည့် စိတ်စေတနာကောင်းဖြင့် မမောမပန်း ကူညီပေးသူ အားလုံးကို လှိုက်လှဲစွာကျေးဇူးတင်ရှိပါသည်။ ကမ္ဘာ့နိုင်ငံအနှံ့အပြားတွင် နေထိုင်ကြသော ကျွန်ုပ်တို့၏ ညီအစ်ကိုမောင်နှမများနှင့် အတူတကွ လက်တွဲလုပ်ဆောင်ခြင်း အားဖြင့်သာလျှင် အားလုံးလိုလားတောင့်တသည့် ဒီမိုကရေစီကို ပြည်သူများထံ ပြန်လည်ဆောင်ကျဉ်းလာ နိုင်မည်ဖြစ်သည်။ ဘားမားအက်ဥပဒေ အတည်ပြုရေး စွမ်းဆောင်နိုင်မှုသည် ကျွန်ုပ်တို့၏ ဒီမိုကရေစီရရှိရေးလှုပ်ရှားမှုကို ပိုမို အင်အားကောင်းလာစေပါသည်။

အမေရိကန်ကွန်ဂရက်တရပ်လုံးနှင့် ဘားမား အက်ဥပဒေအတည်ပြုနိုင်ရေး အတွက် စွမ်းစွမ်းတမံ ပါဝင်ကူညီကြသူ အားလုံးကို လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိကြောင်း ဖော်ပြလိုပါသည်။

၅။ မြန်မာ့အရေး ဆုံးဖြတ်ချက်အဆိုမူကြမ်းအား ကုလသမဂ္ဂ လုံခြုံရေးကောင်စီမှ အတည်ပြုခဲ့ခြင်းအား ကြိုဆိုကြောင်း NUG ထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားညီညွတ်ရေးအစိုးရ
https://nugmyanmar.org
ကြေညာချက်အမှတ်(၂၇/၂၀၂၂)
၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်

"မြန်မာနိုင်ငံတွင် ဖြစ်ပေါ်လျက်ရှိသော အခြေအနေများနှင့်ပတ်သက်သည့် ဆုံးဖြတ်ချက် အဆိုမူကြမ်းအား ကုလသမဂ္ဂ လုံခြုံရေးကောင်စီမှ အတည်ပြုခဲ့ခြင်းနှင့်စပ်လျဉ်း၍ ထုတ်ပြန်ချက်"

၁။ မြန်မာနိုင်ငံတွင် ဖြစ်ပေါ်လျက်ရှိသော အခြေအနေများနှင့်ပတ်သက်သည့် ဆုံးဖြတ်ချက် အဆိုမူကြမ်းကို ကုလသမဂ္ဂ လုံခြုံရေးကောင်စီက အတည်ပြုခဲ့ခြင်းအပေါ် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အား ကိုယ်စားပြုသည့် အမျိုးသားညီညွတ်ရေးအစိုးရက ကြိုဆိုပါသည်။ အထူးအားဖြင့် ယင်းအဆိုမူကြမ်းအားပြုစုသည့် လုပ်ငန်းစဉ်၌ ဦးဆောင်ဦးရွက်ပြုခဲ့ပြီး ဆုံးဖြတ်ချက် အဆိုမူကြမ်းအား အတည်ပြုရာတွင်လည်း ထောက်ခံပေးသည့် ဗြိတိန်နိုင်ငံနှင့် အခြား ထောက်ခံသည့် နိုင်ငံများကိုလည်း ကျေးဇူးတင်ရှိကြောင်း ဖော်ပြလိုပါသည်။

၂။ အမျိုးသားညီညွတ်ရေးအစိုးရအနေဖြင့် ယခုအတည်ပြုခဲ့သည့် ဆုံးဖြတ်ချက်အဆိုကို ထောက်ခံပါသည်။ မြန်မာနိုင်ငံတွင် ဒီမိုကရေစီ ပြန်လည်ထွန်းကားလာစေရေးအတွက် ထပ်မံတိုးမြှင့် ဆောင်ရွက်သည့်အနေဖြင့် ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများနှင့် သက်ဆိုင်သူများ အားလုံးက ဤဆုံးဖြတ်ချက်အဆိုပါ အချက်များကို အချိန်နှင့်တစ်ပြေးညီ အကောင်အထည်ဖော် ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းလိုပါသည်။

၃။ ဤဆုံးဖြတ်ချက်အဆိုသည် မြန်မာနိုင်ငံတွင် ဖြစ်ပေါ်နေသည့် ဆိုးရွားသော အကျပ်အတည်းအတွက် လုံခြုံရေးကောင်စီက အရေးယူဆောင်ရွက်ပေးရာတွင် တိုးတက်မှုတစ်ခုအဖြစ် ပြသနိုင်ရုံသာမက နိုင်ငံတကာ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးအတွက် စစ်တပ်၏ ခြိမ်းခြောက်နေမှုကိုလည်း ပြသပေးပါသည်။ ထို့အပြင် ဆုံးဖြတ်ချက်အဆိုတွင် လူ့အခွင့်အရေးအား လေးစားလိုက်နာရန်နှင့် တရားဥပဒေစိုးမိုးရေးဖော်ဆောင်ရန် လိုအပ်ကြောင်းကိုလည်း မီးမောင်း ထိုးပြထားပါသည်။ အဓိကအချက်တစ်ခုအနေဖြင့် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အပါအဝင် စစ်တပ်က မတရားဖမ်းဆီးချုပ်နှောင် ထားသည့် အကျဉ်းသားအားလုံးကို ချက်ချင်းလွှတ်ပေးရန် စစ်တပ်ကို တောင်းဆိုကြောင်း ပါရှိပါသည်။ ထို့အတူ ဆုံးဖြတ်ချက်အဆိုတွင် ဒီမိုကရေစီအဖွဲ့အစည်းများနှင့် လုပ်ငန်းစဉ်များကိုလည်း မြန်မာပြည်သူများ၏ ဆန္ဒနှင့် အကျိုးစီးပွားတို့နှင့်အညီ လေးစားရန်လည်း အလေးထား ဖော်ပြထားပါသည်။

၄။ ထို့အတူ ယင်းဆုံးဖြတ်ချက်အဆိုတွင် လူသားချင်းစာနာထောက်ထားမှုအကူအညီများကို ပြည့်ပြည့်ဝဝ လုံလုံခြုံခြုံ အဟန့်အတားမရှိ အကူအညီ လိုအပ်နေသူများထံ ပေးအပ်နိုင်ရန် လိုအပ်သည်ကိုလည်း အလေးထား ထည့်သွင်းဖော်ပြထားပါသည်။ တစ်ဆက်စပ်တည်းမှာပင် ရိုဟင်ဂျာဒုက္ခသည်များနှင့် ပြည်တွင်းနေရပ်စွန့်ခွာသူများ အနေဖြင့်လည်း ၎င်းတို့၏ ဆန္ဒအလျောက် ဘေးကင်းလုံခြုံစွာ၊ သိက္ခာရှိစွာနှင့် ရေရှည်တည်တံ့ခိုင်မြဲစွာ နေရပ်ပြန်လည် သွားရောက်နိုင်ရေးအတွက် လိုအပ်သည့် အခြေအနေများကို ဖန်တီးပေးရန်လည်း အလေးထား ဖော်ပြထားပါသည်။ ထို့ပြင် ဆုံးဖြတ်ချက်အဆိုတွင် အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) ဘုံသဘောတူညီချက် (၅) ရပ်ကိုလည်း ထိရောက်စွာနှင့် လျင်မြန်စွာ ချက်ချင်းအကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် အကောင်အထည် ဖော်မှုလုပ်ငန်းစဉ် အတွက် ကုလသမဂ္ဂက ထောက်ပံ့ပေးနိုင်မည့် အခြေအနေနှင့်ပတ်သက်၍ လုံခြုံရေးကောင်စီထံ နှုတ်ဖြင့် အစီရင်ခံတင်ပြရန်လည်း ထည့်သွင်း တောင်းဆိုထားပါသည်။

၅။ ဤဆုံးဖြတ်ချက်အဆိုတွင် ဖော်ပြပါ အပြုသဘောဆောင်သည့် အချက်အလက်များ ပါဝင်နေသည့်တိုင် မိမိတို့ အမျိုးသားညီညွတ်ရေးအစိုးရက မျှော်မှန်းထားသည့် အချက်များ များစွာ ပါဝင်လာမှု မရှိသေးသည်ကို တွေ့ရှိရပါသည်။ သို့ဖြစ်ရာ ကုလသမဂ္ဂ လုံခြုံရေးကောင်စီနှင့် အထွေထွေညီလာခံတို့က ဤဆုံးဖြတ်ချက်အဆိုအပေါ်အခြေပြုကာ စစ် အာဏာရှင်စနစ်နှင့် ၎င်း၏ ရာဇဝတ်မှုများကို အပြီးတိုင် အမြန်ချုပ်ငြိမ်းရေးအတွက် ထို့ထက်ပို၍ ခိုင်မာသော လုပ်ဆောင်ချက်များကို အချိန်မီဆောင်ရွက်ကြပါရန် မြန်မာပြည်သူများကိုယ်စား အမျိုးသားညီညွတ်ရေးအစိုးရက တောင်းဆိုအပ်ပါသည်။ အဓိကအားဖြင့် အမျိုးသားညီညွတ်ရေးအစိုးရအနေဖြင့် မိတ်ဖက်အဖွဲ့အစည်းများနှင့်

2

မြန်မာပြည်သူများနှင့်အတူ အကျိုးတူပူးပေါင်းကာ ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံတော် တည်ထောင်ရေးလုပ်ငန်းစဉ်၊ ရိုဟင်ဂျာများ နေရပ်ပြန်လည် လာရောက်နိုင်ရေးအတွက် အထောက်အကူဖြစ်စေမည့် ပတ်ဝန်းကျင်အား ဖန်တီးပေးရေး၊ လူသားချင်းစာနာ ထောက်ထားမှုအကူအညီများ အမှန်တကယ် လိုအပ်နေသူများထံ ရောက်ရှိရေးနှင့် နိုင်ငံတကာရာဇဝတ်မှုဥပဒေအား ချိုးဖောက်မှုများအတွက် တာဝန်ခံမှုရှိစေရေးတို့အတွက် နိုင်ငံတကာကူညီထောက်ပံ့မှု များကို ထပ်လောင်းတောင်းဆိုပါသည်။

၆။ ဤနေရာတွင် မြန်မာပြည်သူလူထု၏ ဆန္ဒနှင့် အကျိုးစီးပွားမှာ ရှင်းလင်းမြင်သာ၍ ထင်ရှားပါသည်။ ထိုသို့ သိသာထင်ရှားစေရန် ရဲစွမ်းသတ္တိပြည့်ဝသည့် သန်းပေါင်းများစွာသော မြန်မာပြည်သူများက တစ်ဦးချင်းအလိုက် ဆန္ဒထုတ်ဖော်ပြသခြင်း၊ လူထုအထွေထွေသပိတ်အား ဆက်လက်ပြုလုပ်နေခြင်း၊ ၎င်းတို့၏ ကျေးရွာများနှင့် မိသားစုများကို စစ်တပ်၏ ရက်စက်ကြမ်းကြုတ်သည့် လုပ်ရပ်များမှ အကာအကွယ်ပေးခြင်းတို့ဖြင့် နေ့စဉ်နှင့်အမျှ ဆက်လက် ထုတ်ဖော်ပြသလျက်ရှိပါသည်။ သို့ဖြစ်ရာ ယခုဆုံးဖြတ်ချက်အဆိုသည် ၎င်းတို့အတွက် အထောက်အပံ့ ဖြစ်စေသည့် ခြေလှမ်းတစ်ခုအဖြစ် ကြိုဆိုပါသည်။ ဤအတည်ပြုခဲ့သည့် ဆုံးဖြတ်ချက်အဆိုသည် မြန်မာနိုင်ငံနှင့် စပ်လျဉ်း၍ လုံခြုံရေးကောင်စီ၏ လုပ်ငန်းကို စတင်ခြင်းပင်ဖြစ်ပါသည်။ မြန်မာနိုင်ငံအရေးကိစ္စနှင့် ပတ်သက်၍ ဖြစ်ပေါ်တိုးတက်မှု အခြေအနေများကို မြန်မာကိုယ်စားလှယ်များနှင့် ပြည်သူများထံမှ တိုက်ရိုက်လက်ခံရယူ၍ ယခုကိစ္စအား ဦးစားပေးအဖြစ် လုံခြုံရေးကောင်စီက ထိရောက်စွာ ပုံမှန်ကိုင်တွယ်ဆောင်ရွက်သွားရန်လိုအပ်ပါသည်။ အဓိကအားဖြင့် မြန်မာပြည်သူများ၏ အသက်အိုးအိမ်များကို ကယ်တင်ရန်နှင့် ဒေသတွင်းမတည်မငြိမ်ဖြစ်မှုအား ကာကွယ်ထိန်းသိမ်းရန် လုံခြုံရေးကောင်စီ၏ တိကျခိုင်မာပြတ်သားသော ဆုံးဖြတ်ချက်ကို အထူးလိုအပ်ပါသည်။

အမျိုးသားညီညွတ်ရေးအစိုးရ

3

မြန်မာနိုင်ငံတွင် ဖြစ်ပေါ်လျက်ရှိသော အခြေအနေများနှင့်ပတ်သက်သည့် ဆုံးဖြတ်ချက်အဆိုမူကြမ်းကို ကုလသမဂ္ဂ လုံခြုံရေးကောင်စီက အတည်ပြုခဲ့ခြင်းအပေါ် အမျိုးသားညီညွတ်ရေးအစိုးရက ကြိုဆိုထောက်ခံကြောင်း၊ မြန်မာ့ဒီမိုကရေစီ

စာမျက်နှာ (၅) သို့

စာမျက်နှာ (၅) မှ

ပြန်လည်ထွန်းကားလာစေရေး ထပ်မံတိုးမြှင့် ဆောင်ရွက်သည့်အနေဖြင့် ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများနှင့် သက်ဆိုင်သူများအားလုံးက ယင်းဆုံးဖြတ်ချက်အဆိုပါ အချက်များကို အချိန်နှင့် တစ်ပြေးညီ အကောင်အထည်ဖော်ဆောင်ရွက်ပေးကြရန်လည်း တိုက်တွန်းကြောင်း အမျိုးသားညီညွတ်ရေးအစိုးရက ဒီဇင်ဘာ ၂၂ ရက်တွင် ထုတ်ပြန်ခဲ့သည်။ ယင်းဆုံးဖြတ်ချက်အဆိုသည် မြန်မာနိုင်ငံ၏ ဆိုးရွားသည့်အကျပ်အတည်းအတွက် လုံခြုံရေးကောင်စီက အရေးယူဆောင်ရွက်ပေးရာတွင် တိုးတက်မှုတစ်ခုအဖြစ် ပြသနိုင်ရုံသာမက နိုင်ငံတကာ ငြိမ်ချမ်းရေးနှင့် တည်ငြိမ်ရေးအတွက် စစ်တပ်၏ ခြိမ်းခြောက်နေမှုကိုလည်း ပြသပေးကြောင်း၊ ဆုံးဖြတ်ချက်အဆိုတွင် လူ့အခွင့်အရေးအား လေးစားလိုက်နာရန်၊ တရားဥပဒေစိုးမိုးရေး ဖော်ဆောင်ရန်လိုအပ်ကြောင်းနှင့် အဓိက အချက်တစ်ခုအနေဖြင့် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အပါအဝင် စစ်တပ်က မတရားဖမ်းဆီးချုပ်နှောင်ထားသည့် အကျဉ်းသားအားလုံးကို ချက်ချင်းလွှတ်ပေးရန် စစ်တပ်ကို တောင်းဆိုချက်များပါဝင်သည်။ https://bit.ly/3jvWkIZ

နိုင်ငံခြားရေးဝန်ကြီးဌာန

၆။ အီးယူ-အာဆီယံထိပ်သီးအစည်းအဝေး ခေါင်းဆောင်များ၏ ပူးတွဲကြေညာချက်တွင် မြန်မာနိုင်ငံနှင့်ပတ်သက်၍ အရေးပါသည့်အချက်အလက်များ မပါဝင်ကြောင်း NUG ထုတ်ပြန်

အီးယူနှင့် အာဆီယံခေါင်းဆောင်များအနေဖြင့် ယခုနှစ် ဇူလိုင်လအတွင်းက ဒီမိုကရေစီအရေး တက်ကြွလှုပ်ရှားသူလေးဦးအား အကြမ်းဖက်စစ်အုပ်စုမှ မတရားကွပ်မျက်ခဲ့ခြင်းအား ရှုတ်ချခဲ့ပြီး၊ အာဆီယံဥက္ကဋ္ဌ၏ အထူးသံတမန်အား “သက်ဆိုင်သည့် အဖွဲ့အားလုံးနှင့် အပြည့်အဝထိတွေ့ဆက်ဆံ၍ ယုံကြည်မှုတည်ဆောက်ရန်” တောင်းဆိုခဲ့မှုများကို ကြိုဆိုသော်လည်း ယင်းတောင်းဆိုမှုများသည် အသစ်အဆန်းမဟုတ်သကဲ့သို့ အရေးပါသည့် အချက်အလက်များမပါဝင်ဘဲ ကျန်ရှိနေကြောင်း၊ ကြေညာချက်တွင် အမျိုးသားညီညွတ်ရေးအစိုးရအား မြန်မာပြည်သူများ၏ တရားဝင် ကိုယ်စားလှယ်အဖြစ် ထောက်ခံကြောင်း ဖော်ပြထားခြင်း မရှိသည့်အပြင် အကြမ်းဖက်စစ် အာဏာရှင်များ၏ ကြမ်းကြုတ်ယုတ်မာရက်စက်မှုများကို ရှုတ်ချကြောင်း

စာမျက်နှာ (၆) သို့

စာမျက်နှာ (၅) မှ

ဖော်ပြရန်လည်း ပျက်ကွက်ခဲ့ကြောင်း အမျိုးသားညီညွတ်ရေးအစိုးရ နိုင်ငံခြားရေးဝန်ကြီးဌာနက နိုဝင်ဘာ ၁၉ ရက်တွင် ထုတ်ပြန်ခဲ့သည်။

ဆက်လက်၍ လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များအတွက် ကတိကဝတ်ပြုထားသည့် အီးယူ-အာဆီယံ ကတိကဝတ်ပြုမှုသည် အကြမ်းဖက်စစ်အုပ်စု၏ အတုအယောင် ရွေးကောက်ပွဲကျင်းပရန် ကြိုးပမ်းမှု အားလုံးကို တားဆီးပိတ်ပင်ခြင်းဖြင့် မြန်မာပြည်သူများ၏ ဒီမိုကရေစီဆန္ဒအား လေးစားမှုကို ပြသရမည် ဖြစ်ကြောင်း ဖယ်ဒရယ်ဒီမိုကရေစီ ပဋိညာဉ်စာတမ်းကို ထောက်ခံရမည်ဖြစ်ပြီး အကြမ်းဖက် စစ်အုပ်စု၏ ဥပဒေမဲ့ အရေးပေါ်အခြေအနေ ကြေညာခြင်းတို့အား ပယ်ချရမည် ဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ https://bit.ly/3G11ft0

အလုပ်သမားဝန်ကြီးဌာန

၇။ ရွှေ့ပြောင်းအလုပ်သမားများ ဖိနှိပ်မှုမျိုးစုံကြုံတွေ့နေမှုအား ဝိုင်းဝန်းကူညီပေးကြရန် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့် အလုပ်သမားအဖွဲ့များသို့ NUG တိုက်တွန်းတောင်းဆို

အကြမ်းဖက်စစ်ကောင်စီလက်အောက်တွင် ပြည်တွင်းပြည်ပ ရွှေ့ပြောင်းလုပ်ကိုင်သူများအတွက် အကာအကွယ်မဲ့ ဖိနှိပ်မှုမျိုးစုံ ကြုံတွေ့နေမှုအား ဖြေရှင်းနိုင်ရေး၊ အကြမ်းဖက်စစ်ကောင်စီအား ဖြုတ်ချ၍ ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု တည်ဆောက်ရေးကြိုးပမ်းမှုတွင် အားထည့်ကူညီပေးကြရန် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့် အလုပ်သမားအဖွဲ့များသို့ တိုက်တွန်းတောင်းဆိုကြောင်း အမျိုးသားညီညွတ်ရေးအစိုးရ အလုပ်သမားဝန်ကြီးဌာနက ဒီဇင်ဘာ ၁၈ ရက်တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာသူများနေ့အတွက် သဝဏ်လွှာပေးပို့ခဲ့သည်။

သဝဏ်လွှာတွင် အိမ်နီးချင်းနိုင်ငံအစိုးရများ၊ International Organization for Migration-IOM, International Labour Organization- ILO နှင့် UNHCR အဖွဲ့ကြီးများအနေဖြင့် မြန်မာနိုင်ငံမှ ရွှေ့ပြောင်းသွားလာနေထိုင်သူများ၊ ရွှေ့ပြောင်းအလုပ်သမားများ ကြုံတွေ့နေရသည့် အခက်အခဲနှင့် စိန်ခေါ်မှုများကို ထည့်သွင်းစဉ်းစားကာ လိုအပ်သည့်အရေးယူဆောင်ရွက်မှုများကို အမျိုးသားညီညွတ်ရေးအစိုးရနှင့် ပူးပေါင်းဆောင်ရွက်ရန်နှင့် မြန်မာနိုင်ငံမှ ပြည်တွင်း၊ ပြည်ပသို့ ရွှေ့ပြောင်းနေထိုင်လုပ်ကိုင်သူများအားလုံး ကြုံတွေ့နေရသည့် အကြပ်အတည်းနှင့် စိန်ခေါ်မှုအားလုံးအတွက်အဖြေဖြစ်သည့် အကြမ်းဖက်စစ်ကောင်စီအား ဖြုတ်ချ၍ ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုတည်ဆောက်ရေး ကြိုးပမ်းမှုတွင် အားထည့်ကူညီပေးကြရန် လေးနက်စွာ တိုက်တွန်းမေတ္တာရပ်ခံကြောင်း ဖော်ပြထားသည်။ https://bit.ly/3WMUCkN


ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားညီညွတ်ရေးအစိုးရ
အလုပ်သမားဝန်ကြီးဌာန

၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်နေ့တွင် ကျရောက်သည့်
အပြည်ပြည်ဆိုင်ရာရွှေ့ပြောင်းသွားလာသူများနေ့အတွက် အမျိုးသားညီညွတ်ရေးအစိုးရ၊
အလုပ်သမားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးမှ ပေးပို့သော သဝဏ်လွှာ

၂၀၀၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၄ ရက်နေ့တွင် ကုလသမဂ္ဂ အထွေထွေညီလာခံက ကမ္ဘာပေါ်တွင် ရွှေ့ပြောင်းနေထိုင်သူဦးရေ များပြားလာခြင်းနှင့် ကမ္ဘာ့စီးပွားရေးအတွက် တစ်ဖက်တစ်လမ်းမှ အရေးပါသော အထောက်အပံ့ကို ဖြစ်စေပြီး သက်ဆိုင်ရာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို အားဖြစ်စေခြင်းတို့အတွက် ထည့်သွင်းစဉ်းစားကာ ဒီဇင်ဘာလ ၁၈ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာသူများနေ့အဖြစ် ကြေညာခဲ့ပါသည်။

ရွှေ့ပြောင်းအခြေချမှုသည် ရှောင်လွှဲမရသော အကြောင်းရင်းများစွာကြောင့် ဖြစ်ပေါ်လာသော ကမ္ဘာလုံးဆိုင်ရာ ဖြစ်စဉ်တစ်ခုဖြစ်ပြီး နိုင်ငံတကာရွှေ့ပြောင်းနေထိုင်သူ အရေအတွက်သည် လွန်ခဲ့သည့် နှစ် ၅၀ အတွင်း လျင်မြန်စွာတိုးတက်လာခဲ့သည်။ ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း (International Organization for Migration-IOM) ၏ ခန့်မှန်းချက်အရ ၂၀၂၀ ပြည့်နှစ်တွင် ကမ္ဘာ့လူဦးရေ၏ ၃.၆ ရာခိုင်နှုန်းမှာ နိုင်ငံတကာရွှေ့ပြောင်းနေထိုင်သူများ ဖြစ်ပြီး စုစုပေါင်း ၂၈၁ သန်းခန့် ရှိပြီ ဖြစ်သည်။ နိုင်ငံတကာ ရွှေ့ပြောင်းနေထိုင်သူများနည်းတူ ပြည်တွင်းရွှေ့ပြောင်းနေထိုင်သူ အရေအတွက်သည်လည်း တိုးပွားလျက်ရှိပြီး သဘာဝဘေးဒဏ် အပါအဝင်၊ ပဋိပက္ခနှင့် အကြမ်းဖက်မှုများကြောင့် ၂၀၂၁ ခုနှစ် နှစ်ကုန်တွင် ပြည်တွင်းရွှေ့ပြောင်းနေထိုင်သူ ၅၉.၁ သန်း အထိရှိလာပြီဖြစ်သည်။

မြန်မာနိုင်ငံတွင် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ အာဏာသိမ်းပြီးနောက်ပိုင်း စစ်ကောင်စီ၏ ဖိနှိပ်အကြမ်းဖက်မှုများကြောင့် ပထမဆုံးအကြိမ်အဖြစ် နိုင်ငံအတွင်း ရွှေ့ပြောင်းနေထိုင်သူ တစ်သန်းကျော်ထိ ရောက်ရှိလာပြီး အိမ်နီးချင်းနိုင်ငံများသို့ တိမ်းရှောင် နေရသူ ၇၀,၀၀၀ ကျော်ရှိကြောင်း ကုလသမဂ္ဂ၏ ထုတ်ပြန်မှုအရ သိရှိရပါသည်။

အာဏာသိမ်းမှုအကျိုးဆက်အဖြစ် စီးပွားရေး ပိုမိုကြပ်တည်းလာကာ ပြည်ပနိုင်ငံများ သို့ သွားရောက်လုပ်ကိုင်မှု ပိုမိုများပြားလာပါသည်။ တရားဝင် ရွှေ့ပြောင်းသွားလာလုပ်ကိုင်မှု ကို


၂

စစ်ကောင်စီက ကောင်းမွန်စွာ စီမံခန့်ခွဲမှု မလုပ်နိုင်ခြင်းနှင့် စည်းကြပ်သည့် ဌာနများ၏ အကျင့်ပျက်ခြစားမှုများကြောင့် အိမ်နီးချင်းနိုင်ငံများသို့ တရားမဝင် နယ်စပ်ဖြတ်ကျော် သွားရောက်လုပ်ကိုင်မှု ဖြစ်စဉ်များ မြင့်မားလာပြီး လိုအပ်သည့် ကာကွယ်စောင့်ရှောက်မှုများ မရရှိခြင်းနှင့် လုပ်အားခေါင်းပုံဖြတ်ခံရခြင်းတို့အပြင် တရားဝင် လုပ်ကိုင်နေသူများမှာလည်း အခွင့်အရေးများ ချိုးဖောက်ခံနေကြရပါသည်။

စစ်ကောင်စီလက်အောက်တွင် ပြည်ပရွှေ့ပြောင်းလုပ်ကိုင်သူများအတွက် အကာအကွယ်မရှိသလို ပြည်တွင်းရွှေ့ပြောင်းနေထိုင်လုပ်ကိုင်သူများမှာလည်း ဖိနှိပ်မှု မျိုးစုံ ကြုံတွေ့ နေရပြီး အခြေခံအလုပ်သမားအခွင့်အရေးနှင့် လူ့အခွင့်အရေးများ ချိုးဖောက်ခံနေရကာ ကူကယ်ရာမဲ့နေသည့် အခြေအနေ ဖြစ်ပေါ်လျက်ရှိပါသည်။

ရွှေ့ပြောင်းသွားလာနေထိုင်လုပ်ကိုင်သူများသာမက မြန်မာပြည်သူများအားလုံး အတွက် လူသားချင်း စာနာထောက်ထားမှု၊ လူ့အခွင့်အရေး အပြည့်အဝ ရရှိမှု၊ လုံခြုံစိတ်ချ ရသော ပတ်ဝန်းကျင်နှင့် အပြန်အလှန် ကူညီစောင့်ရှောက်မှုများကို အာမခံချက်ပေးသည့် ကောင်းမွန်သော အသိုက်အဝန်းတစ်ခု ဖော်ဆောင်ရာတွင် စစ်အာဏာရှင်စနစ်ကို အမြစ်ပြတ်တွန်းလှန်ချေမှုန်းပြီး စစ်မှန်သော ဒီမိုကရေစီစနစ် ဖော်ဆောင်ရန် အလွန်အရေးကြီးပါသည်။

နိုင်ငံတကာအဖွဲ့အစည်းများနှင့် အစိုးရများ၏ ပူးပေါင်းဆောင်ရွက်မှုသည် အမျိုးသားညီညွတ်ရေးအစိုးရအနေဖြင့် ပြည်တွင်း၊ ပြည်ပရှိ ရွှေ့ပြောင်းသွားလာနေထိုင်လုပ်ကိုင်သူများ အရေးကို အောင်မြင်စွာ ဆောင်ရွက်နိုင်မှုတွင် အလွန်အရေးပါသော အချက် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အိမ်နီးချင်းနိုင်ငံအစိုးရများ၊ International Organization for Migration-IOM, International Labour Organization- ILO နှင့် UNHCR အဖွဲ့ကြီးများအနေဖြင့် မြန်မာနိုင်ငံမှ ရွှေ့ပြောင်းသွားလာနေထိုင်သူများ၊ ရွှေ့ပြောင်းအလုပ်သမားများ ကြုံတွေ့နေရသည့် အခက်အခဲနှင့် စိန်ခေါ်မှုများကို ထည့်သွင်းစဉ်းစားကာ လိုအပ်သော အရေးယူ ဆောင်ရွက်မှုများကို မိမိတို့ အမျိုးသားညီညွတ်ရေးအစိုးရနှင့် ပူးပေါင်းဆောင်ရွက်ရန်နှင့် မြန်မာနိုင်ငံမှ ပြည်တွင်း၊ ပြည်ပသို့ ရွှေ့ပြောင်းနေထိုင်လုပ်ကိုင်သူများ အားလုံး ကြုံတွေ့နေရသည့် အကြပ်အတည်းနှင့် စိန်ခေါ်မှု အားလုံးအတွက် အဖြေဖြစ်သည့် အကြမ်းဖက်စစ်ကောင်စီအား ဖြုတ်ချ၍ ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု တည်ဆောက်ရေး ကြိုးပမ်းမှုတွင် အားထည့်ကူညီပေးကြရန် လေးနက်စွာ တိုက်တွန်း မေတ္တာရပ်ခံအပ်ပါသည်။


၃

နိဂုံးချုပ်အနေဖြင့် မည်သို့သော စိန်ခေါ်မှုများရှိစေကာမူ ပြည်တွင်း၊ ပြည်ပရှိ မြန်မာနိုင်ငံသားများ၏ တော်လှန်ရေးတွင် အဘက်ဘက်မှ နည်းလမ်းပေါင်းစုံဖြင့် တတ်အား သ၍ ပူးပေါင်းပါဝင်နေမှုကို များစွာနှစ်ထောင်းအားရ ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ပြည်တွင်း၊ ပြည်ပ ရွှေ့ပြောင်းသွားလာနေထိုင်လုပ်ကိုင်ကြသူများအားလုံး မိမိတို့ ရောက်ရှိရာ အရပ်ဒေသများတွင် ဘေးဘရာကင်းဝေးပြီး ကိုယ်စိတ်နှလုံး ကျန်းမာပျော်ရွှင်စွာ နေထိုင် လုပ်ကိုင်နိုင်ကြပါစေကြောင်း ဆန္ဒပြုရင်း ဆုမွန်ကောင်းပို့သအပ်ပါသည်။

နိုင်သုဝဏ္ဏ
ပြည်ထောင်စုဝန်ကြီး
အလုပ်သမားဝန်ကြီး
အမျိုးသားညီညွတ်ရေးအစိုးရ

ကာကွယ်ရေးဝန်ကြီးဌာန

၈။ စစ်ကောင်စီ၏သတင်းများပေးပို့ပါက ချီးမြှင့်ငွေနှင့် အခွင့်အရေးများပေးသွားမည်ဟု NUG တိုက်တွန်းဖိတ်ခေါ်

အကြောင်းအမျိုးမျိုးကြောင့် ပြည်သူ့ရင်ခွင် မခိုလှုံနိုင်သည့် အရာရှိ-စစ်သည်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများကို အမာခံသတင်းပေးပို့သူ (ဖရဲသီး) များအဖြစ် တော်လှန်ရေးအတွက် ပူးပေါင်းပါဝင်ရန် ဖိတ်ခေါ်ပြီး ကာကွယ်ရေးဝန်ကြီးဌာနသို့ ဆက်သွယ်၍ အချက်အလက်များ ဖြည့်သွင်းခြင်းကို ဦးစွာလုပ်ဆောင်ရမည်ဖြစ်ကာ အချက်အလက်လုံခြုံမှုရှိစေရေး အပြည့်အဝတာဝန်ယူ အာမခံကြောင်းနှင့် သတင်းအချက်အလက်များ လုံခြုံစွာပေးပို့နိုင်မည့်အပြင် သတင်းအချက်အလက် အဆင့်အတန်းအပေါ်မူတည်၍ ချီးမြှင့်ငွေများကိုလည်း ရရှိခံစားနိုင်မည် ဖြစ်ကြောင်း အမျိုးသားညီညွတ်ရေးအစိုးရ ကာကွယ်ရေးဝန်ကြီးဌာနက ဒီဇင်ဘာ ၂၀ ရက်တွင် ထုတ်ပြန်တိုက်တွန်းခဲ့သည်။ https://bit.ly/3WFKsCj



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားညီညွတ်ရေးအစိုးရ
ကာကွယ်ရေးဝန်ကြီးဌာန

mod@nugmyanmar.org

အမာခံသတင်းပေးပို့သူများဖိတ်ခေါ်ခြင်းဆိုင်ရာ ကြေညာချက် (၉/၂၀၂၂)

၁၃၈၄ ခုနှစ်၊ နတ်တော်လဆုတ် (၁၃)ရက်
(၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်)

၁။ ပြည်သူ့ဘက်၊ အမှန်တရားဘက် ရပ်တည်လိုသော်လည်း အကြောင်းအမျိုးမျိုးကြောင့် ပြည်သူ့ရင်ခွင် မခိုလှုံနိုင်သေးသည့် အရာရှိ-စစ်သည်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ စစ်ကောင်စီ ယန္တရားအတွင်း များစွာကျန်ရှိနေပါသေးသည်။ ၎င်းတို့ထဲမှ အချို့သည် ပြည်သူနှင့် တော်လှန်ရေး အဖွဲ့အစည်းများအတွက် အကျိုးရှိစေနိုင်မည့် သတင်းအချက်အလက်ပေါင်းများစွာ ချိတ်ဆက်ပေးပို့နေသည့် ပြည်သူ့အမာခံသတင်းပေးပို့သူ(ဖရဲသီး)များအဖြစ် ရှိနေကြပါသည်။

၂။ တော်လှန်ရေးနှင့်စစ်ရေးအရှိန် မြင့်လာသည်နှင့်အမျှ သတင်းလိုအပ်ချက်လည်း ကြီးမားစွာ ရှိလာသည်နှင့်အတူ အမာခံသတင်းပေးပို့သူ(ဖရဲသီး) ပြုလုပ်လိုသည့် သူ့ရဲကောင်းများအတွက် အမျိုးသားညီညွတ်ရေးအစိုးရ၊ ကာကွယ်ရေးဝန်ကြီးဌာနက အမာခံသတင်းပေးပို့သူ(ဖရဲသီး)ဖိတ်ခေါ်ခြင်း အစီအစဉ်တစ်ရပ်ကို အောက်ပါအတိုင်း ထုတ်ပြန်ကြေညာလိုက်သည်။

(က) အကြောင်းအမျိုးမျိုးကြောင့် ပြည်သူ့ရင်ခွင် မခိုလှုံနိုင်သည့် အရာရှိ-စစ်သည်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများကို အမာခံသတင်းပေးပို့သူ(ဖရဲသီး)များအဖြစ် တော်လှန်ရေးအတွက် ပူးပေါင်း ပါဝင်ရန် ဖိတ်ခေါ်အပ်ပါသည်။

(ခ) အမာခံသတင်းပေးပို့သူ(ဖရဲသီး)အဖြစ် ပြုလုပ်မည်ဆိုပါက ကာကွယ်ရေးဝန်ကြီးဌာနသို့ ဆက်သွယ်၍ အချက်အလက်များ ဖြည့်သွင်းခြင်းကို ဦးစွာလုပ်ဆောင်ရမည်ဖြစ်ပြီး အချက်အလက်လုံခြုံမှု ရှိစေရန် အပြည့်အဝ တာဝန်ယူ အာမခံအပ်ပါသည်။

(ဂ) ပြည်သူ့အမာခံ သတင်းပေးပို့သူ(ဖရဲသီး) ပြုလုပ်လိုသူများအနေဖြင့် ကာကွယ်ရေးဝန်ကြီး ဌာနသို့ချိတ်ဆက်ပြီး သတင်းအချက်အလက်များ လုံခြုံစွာပေးပို့နိုင်မည့်အပြင် သတင်း အချက်အလက် အဆင့်အတန်း အပေါ်မူတည်၍ ချီးမြှင့်ငွေများကိုလည်း ရရှိခံစားနိုင်မည် ဖြစ်ပါသည်။

-၂-

(ဃ) ပြည်သူ့အမာခံ သတင်းပေးပို့သူ (ဖရဲသီး)များသည် အမျိုးသားညီညွတ်ရေးအစိုးရ၊ ကာကွယ်ရေးဝန်ကြီးဌာန၏ အကာအကွယ်ပေးမှု အာမခံချက်ကို တော်လှန်ရေးကာလ အတွင်း၌လည်းကောင်း၊ တော်လှန်ရေးအလွန်ကာလ၌လည်းကောင်း ပြည့်ဝစွာ ခံစားရမည် ဖြစ်သည်။ ထို့အပြင် စစ်တပ်နှင့်ရဲတပ်ဖွဲ့မှ သတင်းပေးပို့သူများသည် ပြည်သူ့ရင်ခွင် ခိုလှုံရေးအစီအစဉ်၏ အကျိုးခံစားခွင့်များကိုလည်း ရရှိခံစားရမည်ဖြစ်သည်။

(င) ထို့ကြောင့် ပြည်သူနှင့်တစ်သားတည်း ရပ်တည်နိုင်ရေးအား စစ်ကောင်စီ ယန္တရားအတွင်း မှာပင်နေ၍ လုပ်ဆောင်နိုင်မည့်အပြင် ချီးမြှင့်ငွေများလည်း ရရှိခံစားနိုင်မည်ဖြစ်ပြီး ကာကွယ်ရေးဝန်ကြီးဌာန၏ အကာအကွယ်ပေးမှုအာမခံချက်ကိုလည်း ရရှိမည်ဖြစ်သဖြင့် အမြန်ဆုံး ဆက်သွယ်သတင်းပေးပို့ကြရန် စစ်ကောင်စီယန္တရားအတွင်းရှိ အရာရှိစစ်သည်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများကို တိုက်တွန်းဖိတ်ခေါ်လိုက်သည်။

ဆက်သွယ်ရန် -
Telegram - http://t.me/MyanmarPeople
Facebook - https://www.facebook.com/PeoplesEmbrace

ကာကွယ်ရေးဝန်ကြီးဌာန
အမျိုးသားညီညွတ်ရေးအစိုးရ

လူသားချင်းစာနာထောက်ထားရေးနှင့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲရေးဝန်ကြီးဌာန

၉။ နိုဝင်ဘာလအတွင်း လူသားချင်းစာနာမှု အကူအညီများအတွက် ငွေကျပ်သန်း ၃၄၀ ကျော် ပံ့ပိုးပေးနိုင်ခဲ့ကြောင်း NUG ထုတ်ပြန်

အာဏာသိမ်းအကြမ်းဖက်စစ်တပ်၏ မီးရှို့ဖျက်စီးမှုဒဏ်များကိုခံနေကြရသည့် ပြည်သူများ၊ ထိုးစစ်ဆင် တိုက်ခိုက်မှုများကြောင့် ထွက်ပြေးခိုလှုံနေကြရသည့်ပြည်သူများ၊ တော်လှန်ရေး၌ပါဝင်ရင်း ထိခိုက်ဒဏ်ရာရရှိသူများနှင့် အသက်ဆုံးရှုံးရသူများ၏ မိသားစုဝင်များ၊အကူအညီလိုအပ်နေသောမသန်စွမ်းပြည်သူများအပါအဝင်ထိခိုက်လွယ်အုပ်စုများ၊နိုင်ငံရေးအကျဉ်းသားများနှင့် အကြောင်းကိစ္စအမျိုးမျိုးကြောင့် လူသားချင်းစာနာမှုအကူအညီ လိုအပ်သူများကို ၂၀၂၂ခုနှစ် နိုဝင်ဘာလအတွင်း လူသားချင်းစာနာမှုအကူအညီများအဖြစ် ငွေကျပ် ၃၄၂ ဒသမ ၂၉ သန်း ပံ့ပိုးပေးနိုင်ခဲ့ကြောင်းဖော်ပြထားသည်။ https://bit.ly/3WH52SL

၁၀။ ဆောင်ရွက်ဆဲလုပ်ငန်းများကို ပြန်လည်သုံးသပ်ပြီး ပြည်သူအားကိုးထိုက်သည့် အစိုးရတစ်ရပ်ဖြစ်ရေး လုပ်ဆောင်ကြရန် NUG ပြည်ထောင်စုဝန်ကြီးချုပ်တိုက်တွန်း

ဆောင်ရွက်ဆဲလုပ်ငန်းများကို ပြန်လည်သုံးသပ်ပြီး ပြည်သူ့အားကိုးထိုက်သည့် အစိုးရတစ်ရပ်ဖြစ်ရေး ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် အမျိုးသားညီညွတ်ရေးအစိုးရ ပြည်ထောင်စုဝန်ကြီးချုပ် မန်းဝင်းခိုင်သန်းက ဒီဇင်ဘာ ၂၂ ရက် ကြားကာလဒေသန္တရပြည်သူ့အုပ်ချုပ်ရေးဖော်ဆောင်မှု ဗဟိုကော်မတီအစည်းအဝေးတွင် တိုက်တွန်းပြောကြားခဲ့သည်။

ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်များနှင့် ဆုံးဖြတ်ချက်များကို သက်ဆိုင်ရာဝန်ကြီးဌာနများတွင် လိုက်နာ အကောင်အထည်ဖော်ဆောင်ရွက်မည့်အပိုင်းများကိုသေချာစွာဆောင်ရွက်စေလိုကြောင်း၊ရှေ့လုပ်ငန်းစဉ်များသေချာစွာဆောင်ရွက်မည့်အပိုင်းများကို မှတ်တမ်းပြုစုပြီး လုပ်ငန်းစဉ်များမကျန်ရှိအောင် ကြိုးစား ဆောင်ရွက်ကြရန်နှင့် တော်လှန်ရေးအစိုးရတစ်ရပ်ဖြစ်သောကြောင့် လစ်ဟာမှုများနှင့် လိုအပ်ချက်များ ရှိနိုင်သော်လည်း လစ်ဟာမှုများ နည်းသထက် နည်းအောင် ကြိုးစားဆောင်ရွက်ကြရန်လည်း တိုက်တွန်း ပြည်ထောင်စုဝန်ကြီးချုပ်က ဆက်လက်တိုက်တွန်းပြောကြားခဲ့သည်။ https://bit.ly/3YLwDnD

တွေ့ဆုံမေးမြန်းခြင်းအစီအစဉ်မှ ကောက်နုတ်ဖော်ပြချက်များ

၁၁။အကြမ်းဖက်စစ်တပ်၏အတုအယောင်ရွေးကောက်ပွဲနှင့်ပတ်သက်၍သံအမတ်ကြီး ဦးကျော်မိုးထွန်း၏ဖြေကြားချက်များ

"အကြမ်းဖက်စစ်တပ်က တကယ့်ကို အသည်းအသန်ကြိုးစားနေတဲ့ ရွေးကောက်ပွဲဟာ အတုအယောင်ဖြစ်တဲ့အတွက်ကြောင့် ဘာမှကို ကျွန်တော်တို့ စကားထဲတောင်ထည့်ပြောစရာမလိုတဲ့ ကိစ္စရပ်တခုလို့တော့ ကျွန်တော်မြင်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် စစ်တပ်အနေနဲ့ သူတို့ထွက်ပေါက်တစ်ခုရအောင် ရွေးကောက်ပွဲပေါ့၊ ကျွန်တော်တို့ကတော့ ရွေးကောက်ပွဲလို့မသုံးပါဘူး။ သူတို့ရဲ့အတုအယောင် ရွေးကောက်ပွဲနဲ့ ပြည်သူတွေကို လှည့်ဖြားမယ့်၊ သူတို့ ဆောင်ရွက်လာမယ်ဆိုတဲ့ အနေအထားမျိုးရှိတယ်ဆိုတာကို ကျွန်တော်တို့ ကြားသိနေရတယ်။ ဒါကြောင့်မို့ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော်တို့ပြည်သူတွေကတော့ အကုန်သိတယ်။ ကျွန်တော်တို့ကို လိမ်လည်လှည့်ဖြားမယ့် သူတို့အကျိုးအတွက်လုပ်မယ့် အတုအယောင် ရွေးကောက်ပွဲပဲဖြစ်တယ်ဆိုတာ အားလုံးသိတယ်။

နိုင်ငံတကာအသိုင်းအဝိုင်းအနေနဲ့လည်း အဲဒီလိုသိအောင် ကျွန်တော်တို့တွေ အားလုံး လုပ်ဆောင်သွားဖို့လိုပါမယ်။ နိုင်ငံတချို့ကတော့ အတိုင်းအတာတခုအထိသိနေတယ်။ ဥပမာဆို အမေရိကန်ဆိုရင်လည်း သူတို့နိုင်ငံခြားရေးဝန်ကြီး ကိုယ်တိုင်က ထုတ်ဖော်ပြောတယ်။ ဒီအတုအယောင် ရွေးကောက်ပွဲကိုလက်မခံဖို့ ပြောတာရှိတယ်။ အလားတူ EU တို့ ဘာတို့မှာလည်း အဲ့လိုပြောတာရှိတယ်။ ကျွန်တော်တို့ ဒီဖက်မှာ ထုတ်ဖော်မပြောလိုဘဲ bilateral တွေ့တဲ့ကိစ္စတွေမှာ နိုင်ငံအများစုက လက်မခံဘူးဆိုပြီးပြောတာရှိတယ်။ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော်တို့နှုတ်နဲ့လက်မခံဘူးဆိုတာ ပြောရုံတင်မကဘဲ လက်တွေ့မှာလည်း လုံးဝကိုလက်မခံဖို့ ဒီအတုအယောင် ရွေးကောက်ပွဲကို လက်မခံဖို့ဆိုပြီးကျွန်တော်တို့ ဆက်လက်ဆောင်ရွက်သွားဖို့ရှိပါမယ်။

ဒါ့ကြောင့် ဘယ်လိုဘဲဖြစ်ဖြစ် ဒီမိုကရေစီလို့ပြောရင် ရွေးကောက်ပွဲနဲ့ လာပြီးဖက်စပ်နေတာပဲ။ ဒါပေမယ့် သူတို့က အဲ့ဒီရွေးကောက်ပွဲဆိုတဲ့ စကားလုံးလေးကို အသုံးပြုပြီးတော့ အတုအယောင် လိမ်လည်လှည့်ဖြားမှုလုပ်မှာဖြစ်တဲ့အတွက်ကြောင့် အဲ့ဒီထဲကို တချို့ပြည်သူတွေလည်း ယောင်ရမ်းပါသွားမယ့်သူတွေလည်း ရှိကောင်းရှိနိုင်တယ်။ ဒါတွေကိုလည်း ပြည်သူတွေက ကျွန်တော်တို့ရဲ့ အနာဂတ်လူငယ်တွေအကျိုးအတွက် ဒါတွေကို လုံးဝလက်မခံဖို့၊ နိုင်ငံတကာအသိုင်းအဝိုင်းကလည်း ဆက်စပ်ကြားသွားနိုင်အောင် ပြည်တွင်းပြည်ပမှာရှိတဲ့ အလွှာအသီးသီးမှာရှိတဲ့ သူတွေအနေနဲ့လည်း ပူးပေါင်းပါဝင်ဆောင်ရွက်သွားပေးကြဖို့ မေတ္တာရပ်ခံပါတယ်" https://bit.ly/3vjkfxG

၁၂။ မြန်မာ့အရေး လုံခြုံရေးကောင်စီက အဆိုမူကြမ်းတခုအမြန်ဆုံးချနိုင်ရေး

ဖေဖော်ဝါရီ ၂၀၂၁ တည်းကနေပြီးတော့ တောက်လျှောက် လုံခြုံရေး ကောင်စီကနေပြီးတော့ မြန်မာပြည်သူတွေရဲ့ အသက်ကိုကယ်တင်ပေးဖို့အတွက် decisive action လုပ်ပေး ပါဆိုတဲ့ ဥစ္စာကိုတောင်းဆိုလာတယ်။ ဆိုတော့ အဲ့ဒါနဲ့ ဆက်စပ်ပြီးပြောရမယ်ဆိုရင် အခုလုံခြုံရေးကောင်စီကတော့ resolution မချနိုင်သေးဘူး။ ဒါပေမယ့် ချနိုင်ဖို့အတွက်ကို UK က ဦးဆောင်ပြီးတော့ ကြိုးစားနေတယ်။ သေသေချာချာ စပြီးကြိုးစားနေတာတော့ ပြီးခဲ့တဲ့ ဩဂုတ်လလောက် ကနေပြီးတော့ စကြိုးစားနေတယ်။ အဆိုမူကြမ်းတခုတင်သွင်းထားတာ အခုတော့ တဖြည်းဖြည်းနဲ့ ပုံပေါ်လာတဲ့ အနေအထားမျိုးရှိတယ်။ ဆိုတော့ ဘယ်လောက်မြန်မြန် ကျွန်တော်တို့ ဒီဆုံးဖြတ်ချက်အဆိုမူကြမ်း ချနိုင်မယ်ဆိုတာ ခုနကလုံခြုံရေးကောင်စီအဖွဲ့ဝင် ၁၅ နိုင်ငံပေါ်နေ၁်။ အမြဲတမ်းအဖွဲ့ဝင်နိုင်ငံ ၅ နိုင်ငံနဲ့ ရွေးချယ်ခံတဲ့ ၁၀ နိုင်ငံနဲ့ ၁၅ နိုင်ငံအပေါ်မှာတော့ အဓိကမူတည်နေပါတယ်။ ကျွန်တော်တော့ မြန်မာနိုင်ငံနဲ့ပတ်သက်ပြီး လုံခြုံရေးကောင်စီက အဆိုမူကြမ်းတခုကို အမြန်ဆုံးချနိုင်ရေးအတွက်ကို အခွင့်အရေးသာရင်သာသလို တောင်းဆိုမှုတွေတော့ လုပ်နေပါတယ်။ ဒါကြောင့် ကျွန်တော်တို့ရဲ့ ပြည်သူတွေရဲ့အသံလည်း အတိုင်းအတာတခုအထိတော့ နိုင်ငံတကာအသိုင်းအဝိုင်းနဲ့ အထူးသဖြင့် လုံခြုံရေးကောင်စီအဖွဲ့ဝင်အနေနဲ့လည်း ကြားပြီလို့ အပြည့်အဝယုံကြည်ပါတယ်” https://bit.ly/3HXVaA0